**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

စာအမှတ်၊တဆပ/ဆဝ/၂၀၂၀ ( ၁၄၂၈)

ရက်စွဲ၊၂၀၂၀ ခုနှစ်၊ ဧပြီ လ ၁ ရက်

သို့

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး

တိုင်းရင်းဆေးပညာဦးစီးဌာန

------------------------------တိုင်းဒေသကြီး/ပြည်နယ်

အကြောင်းအရာ။ **ဈေးကွက်အတွင်းရှိ တိုင်းရင်းဆေးဝါးများအား စစ်တမ်းကောက်ယူစစ်ဆေးပြီး သက်ဆိုင်ရာလိုအပ်ချက်များနှင့်ပတ်သက်၍ ဝန်ခံကတိပြုလက်မှတ် ရေးထိုးခြင်းကိစ္စ။**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းရင်းဆေးပညာဦးစီးဌာနတို့ပါဝင်သောအဖွဲ့ဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ယုဇနဈေးနှင့် ပြည်စုံအောင်ဈေး၊ လယ်ဝေးဈေး၊ ဒက္ခိဏဈေးများတွင် (၁၀-၅-၂၀၁၉)၊ (၁၀-၆-၂၀၁၉) နှင့် (၄-၇-၂၀၁၉) ရက်နေ့များက PMS ကောက်ယူစစ်ဆေးခဲ့သော ဆေးဝါးများ အနက် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ရှိသော်လည်း သတ်မှတ်ချက်မပြည့်စုံသော ဆေးဝါး (၁၁) မျိုး အား (၄၅)ရက်အတွင်း သတ်မှတ်ချက်နှင့်ကိုက်ညီအောင် ပြင်ဆင်ရန်၊ တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)၌ ကတိဝန်ခံချက် လက်မှတ်ရေးထိုးနိုင်ရန်အတွက် အကြောင်းကြားပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည်/ဆေးဝါးပုံစံ/ထုပ်ပိုးပုံစံ | ထုတ်လုပ်/ဖြန့်ချိရာဌာန | မှတ်ချက် |
|---|---|---|---|---|
| ၁ | နှလုံးသုခ | နှလုံးသွေး သန့်ဆေး (သွေးအားတိုး | ၆၁၅(A)၊ အောက် လမ်းမကြီး၊ | တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် TMR 013058 (0121) အထိ ခွင့်ပြုပြီးထားပြီး ဖြစ်သော်လည်း TMR- 013058(0118) ဟု |

DIM

| စဉ် | အမှတ်တံဆိပ် | ဆေးအမည်/ဆေးဝါးပုံစံ/ထုပ်ပိုးပုံစံ | ထုတ်လုပ်/ဖြန့်ချိရာဌာန | မှတ်ချက် |
|---|---|---|---|---|
| | | ဆေး)/ ဆေးမှုန့်/ဘူး | ဘိုကုန်းရပ်၊ မော်လမြိုင်။ ဖုန်း -၂၁၈၃၆ | ဖော်ပြထားခြင်း၊ "ဆေးတစ်ဖုံတွင် ပါဝင်သော ဆေးပစ္စည်းများ" အစား "ပါဝင်သော ဆေးပစ္စည်း"၊ သုံးစွဲရန်ဆေးပမာဏ၊ သုံးစွဲနိုင်သောရောဂါများ စာသားမပါရှိခြင်း၊ MFD:2018 EXP: 2021 ဟု ဖော်ပြထား၍ ဆေးသက်တမ်း(၃)နှစ် ဖြစ်နေခြင်း။ |
| ၂ | မြန်တိုင်းကျော် | အကြောလိမ်းဆေးကြီး/ ဆေးရည်/ဘူး | တိုင်းလုံးကျော်ဆေးတိုက်၊ အမှတ်(၆)၊ မိတ္တလမ်း၊ တေကုတ်ရပ်ကွက်၊ ထောက်ကြန့်မြို့။ | ဆေးတစ်ဖုံတွင် ပါဝင်သော ဆေးပစ္စည်းများ၊ သုံးစွဲနိုင်သောရောဂါများ စာသားမပါရှိခြင်း၊ ထုတ်လုပ်ရက်စွဲ 1.1.2018၊ ကုန်ဆုံးရက်စွဲ 1.1.2021 ဖော်ပြထား၍ ဆေးသက်တမ်း (၃)နှစ်ဖြစ်နေခြင်း။ TMR အမှတ် 008610 (0122) ထိခွင့်ပြုထားပြီးဖြစ်ပါသည်။ ခွင့်ပြုထားသောဆေးအမည်မှာ- "အကြောပြေလိမ်းဆေး" |
| ၃ | ဇီဇဝါပန်း | ဆီးချိုသွေးချိုကျဆေး/ ဆေးမှုန့်/ထုပ် | မိဘဂုဏ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ညည(၂၃)၊ အိမ်အမှတ်(၆၉)၊ ၅၇ - လမ်း၊သမိန်ဗရမ်းလမ်းနှင့် ဗညားဒလ | တိုင်းရင်းဆေးဝါး မှတ်ပုံတင် အမှတ် TMR-011686(1221) အထိခွင့်ပြုထားပြီး ဖြစ်သော်လည်းTMR-011686 (1215) ဟုဖော်ပြထားခြင်း၊ "ဆေးတစ်ဖုံတွင် ပါဝင်သော ဆေးပစ္စည်းများ၊ MFD၊ EXP၊ LOT NO." စာသားများ မပါဝင်ခြင်း။ |

DTM

| စဉ် | အမှတ်တံဆိပ် | ဆေးအမည်/ဆေးဝါးပုံစံ/ထုပ်ပိုးပုံစံ | ထုတ်လုပ်/ဖြန့်ချိရာဌာန | မှတ်ချက် |
|---|---|---|---|---|
| | | | လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ | |
| ၄ | ဇာတိ လဝင်္ဂ | အစာဖျက် မဟာဖြေ ဆေးကြီး/ ဆေးမှုန့်/ဘူး | ဒေါ်နန်းငွေကြည် (ဆင်ခြောက်ကောင်ဆေးတိုက်) ၄၃/၄၅ဦးချစ်မောင်လမ်း၊ ဆရာစံတောင်ရပ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ | "သုံးစွဲရန် ဆေးပမာဏ၊ LOT NO., MFD၊ EXP" စာသားကို တံဆိပ်ပတ်တွင် ဖော်ပြမထားခြင်း၊ "MFD၊ EXP"ကို ပြင်ပပလပ်စတစ်ပတ်တွင် ဖော်ပြထားခြင်း၊ ဆေးသက်တမ်း ၃နှစ်ဖြစ်နေခြင်း။ TMR-002680 ၏ ခွင့်ပြုအမှတ်တံဆိပ်နှင့် ဆေးအမည်မှာ "ရွှေခြင်္သေ့အမှတ်တံဆိပ် ဇာတိလဝင်္ဂဆေး" ဖြစ်ပါသည်။ ပါဝင်ပစ္စည်းဖြစ်သော "ဇာတ်ပွိုလ်ပွင့်၊ဆောင်းမေးခါး ၁ကျပ်သားစီ" ကို ဖော်ပြထားခြင်းမရှိပါ။ |
| ၅ | ကျားငါးကောင် | အားတိုးဆေး | ကျားငါးကောင်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး ကျောက်မဲမြို့။ ဖုန်း ၀၈၂- ၄၀၁၀၉၈ | တိုင်းရင်းဆေးဝါး မှတ်ပုံတင် အမှတ် TMR-009948 (0721) အထိ ခွင့်ပြုထားပြီးဖြစ်သော်လည်း TMR-009948 (0718) ဟု ဖော်ပြထားခြင်း၊ "သုံးစွဲနိုင်သောရောဂါများ" အစား "ပျောက်ကင်းနိုင်သောရောဂါများ"၊ "ဆေးတစ်ဖုံတွင် ပါဝင် သော ဆေးပစ္စည်းများ "အစား "ပါဝင်သောဆေးပစ္စည်းများ" ဟု ဖော်ပြထားခြင်း၊"ဆေးအလေးချိန်များနှင့် သုံးစွဲရန်ဆေးပမာဏ" ဖော်ပြထားမှုမရှိခြင်း။ |

DTM

| စဉ် | အမှတ်တံဆိပ် | ဆေးအမည်/ဆေးဝါးပုံစံ/ထုပ်ပိုးပုံစံ | ထုတ်လုပ်/ဖြန့်ချိရာဌာန | မှတ်ချက် |
|---|---|---|---|---|
| ၆ | အမရာ | သိကြားရေစင်သွေးဆေး)/ဆေးမှုန့်/ဘူး | မာဃဒေဝ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး အမှတ်(၃၇၃)၊ သနပ်ပင်လမ်း (အုန်းပင်တန်း) ပဲခူးမြို့။ ၀၉ -၈၆၅၀၈၆၇ | "ဆေးတစ်ဖုံတွင်ပါဝင်သောဆေးပစ္စည်းများ" အစား "ပါဝင်သောအဓိကဆေးများ"၊ "သုံးစွဲနိုင်သောရောဂါများ" အစား "သုံးစွဲရန်ဆေးအညွှန်း" ဟု ဖော်ပြထားပါသည်။ "သုံးစွဲရန်ဆေးပမာဏ၊ ပင်ရင်း" စာသား မပါဝင်ပါ။ တိုင်းရင်းဆေးဝါးမှတ်ပုံတင် အမှတ် TMR မပါဝင်ပါ။ LOT NO., MFD, EXP မပါရှိပါ။ TMR-011886(1221) အထိ ခွင့်ပြု ထားပြီး။ |
| ၇ | ကြက်ငါးကောင် | ချောင်းဆိုးနှာစေးပျောက်ဆေး/ဆေးမှုန့်/ထုပ် | ကျားငါးကောင်ဘယဆေးဆိုင် အမှတ်- ၂/၂၆၊ ပိတောက်လမ်း (၂)ရပ်ကွက်၊ ကျောက်မဲမြို့။ | "အမှတ်တံဆိပ်"စာသား မပါရှိပါ။" ဆေးတစ်ဖုံတွင် ပါဝင် သောဆေးပစ္စည်းများ" အစား "ပါဝင်သောဆေးပစ္စည်းများ"၊ "သုံးစွဲရန်ဆေးပမာဏ" အစား "သောက်ရန်ပမာဏ" ဟုဖော်ပြထားပါသည်။ တိုင်းရင်းဆေးဝါးမှတ်ပုံတင် အမှတ် TMR-008768 (0220) အထိ ခွင့်ပြုထားပြီးဖြစ်သော်လည်း TMR-008768(0217) ဟု ဖော်ပြထားခြင်း။ |
| ၈ | နီလာအေး | အစာကြေအခိုးပွင့်သွေးဆေး/ဆေးမှုန့်/ဘူး | နီလာအေးဆေးတိုက် ၊ ဘူတာလမ်းဆုံအနီး၊ ကျောက်ပန်းတောင်းမြို့။ | တိုင်းရင်းဆေးဝါးမှတ်ပုံတင် အမှတ် TMR-008768 (0120) အထိ ခွင့်ပြုပြီးဖြစ်သော်လည်း TMR-008768 (0117) ဟု ဖော်ပြထားခြင်း၊ LOT NO., MFD မပါရှိခြင်း။ |

| စဉ် | အမှတ်တံဆိပ် | ဆေးအမည်/ဆေးဝါးပုံစံ/ထုပ်ပိုးပုံစံ | ထုတ်လုပ်/ဖြန့်ချိရာဌာန | မှတ်ချက် |
|---|---|---|---|---|
| | | | ၀၆၁၅၀၅၁၁။ | |
| ၉ | လေဖြိုမင်း | အစာကြေ လေနိုင်ဆေး | တောင်ဆိတ်မင်း ဆေးဝါး ထုတ်လုပ်ရေး အမှတ်(၅၂)၊ ဦးဘိုးမှန်လမ်း လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | "ဆေးတစ်ဖုံတွင်ပါဝင်သောဆေးပစ္စည်းများ" အစား "ဆေးတစ်ဖုံတွင် ပါဝင်သောပစ္စည်းများ"၊ "သုံးစွဲရန်ဆေးပမာဏ" အစား "ဆေးသုံးစွဲရန်ပမာဏ" ဟု ဖော်ပြထားပါသည်။ TMR-008005(0921) အထိခွင့်ပြုပြီးဖြစ်သော်လည်း ယာယီတိုင်းရင်းဆေး ဝါးမှတ်ပုံတင်အမှတ် 0109 (Y)08005 ဟုဖော်ပြထားခြင်း။ |
| ၁၀ | ဒေါ်ငြိမ်းရင် | ပဒေသာ ချက်ဆေး/ ချက်ဆေး/ဘူး | ကိုဇော်ဇော်ဦး +မခင်ခင်ဦး အမှတ်-၁၅၀၀၊နန်းတော်ရာ စက်ပိုင်း(၂)လမ်း၊ ပဲခူးမြို့။ ဖုန်း ၀၅၂-၂၄၀၀၈၊ ၀၉-၅၁၈၀၃၂၉ | တိုင်းရင်းဆေးဝါးမှတ်ပုံတင် အမှတ်မပါရှိပါ။ "သုံးစွဲနိုင် သောရောဂါများ" အစား "အညွှန်း" ဟုဖော်ပြထားပါ သည်။ "သုံးစွဲနိုင်သောရောဂါများ၊ ဆေးတစ်ဖုံတွင် ပါဝင်သောဆေးပစ္စည်းများ" စာသားမပါရှိပါ။ ဒေါ်ငြိမ်းရင် အမှတ်တံဆိပ် ပဒေသာ ချက်ဆေး TMR- 008686 ၏ ပင်ရင်းလိပ်စာနှင့် ပိုင်ရှင်အမည်မှာ "ဒေါ်ငြိမ်းရင် သမီး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ အမှတ် ၂၂၈၊ လမ်း ၃၀၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း- ၀၅၂-၂၄၁၃၃၊ ၀၉-၅၃၀၀၅၇၇" ပိုင်ရှင်အမည် "ဒေါ်ခင်စန်းငွေး" ဖြစ်ပါသဖြင့် အမှတ်တံဆိပ် အမည်တူတံဆိပ်မှ ပိုင်ရှင် အမည်မတူ ဆေးဝါး။ |
| ၁၁ | ရွှေသဇင် | ဝမ်းမှန် | ရွှေသဇင် | ၇/၂၀၀၆ တဆထလ(၁၄၃၃) ဟု ဖော်ပြထား |

| စဉ် | အမှတ်တံဆိပ် | ဆေးအမည်/ဆေးဝါးပုံစံ/ထုပ်ပိုးပုံစံ | ထုတ်လုပ်/ဖြန့်ချိရာဌာန | မှတ်ချက် |
|---|---|---|---|---|
| | | အကြောပြေဆေး/ ဆေးပြား/ဘူး | တိုင်းရင်းဆေးဝါး ဖြန့်ချီရေး အမှတ်(၁၂၇)၊၂၄လမ်း သိမ်ကြီးဈေးအပြင်တန်း၊ လသာမြို့နယ်၊ ရန်ကုန်။ | ပါသည်။ "သုံးစွဲနိုင်သောရောဂါများ" အစား "ဤဆေးသည်………"၊ "သုံးစွဲရန်ဆေးပမာဏ" အစား "ဆေးသုံးစွဲရန်အညွှန်း"၊ "ဆေးတစ်ဖုံတွင် ပါဝင်သော ဆေးပစ္စည်းများ" အစား "ပါဝင်သောဆေးဖက်ဝင် ပစ္စည်းများ" ဟု ဖော်ပြထားပါသည်။ MFD : 5.7.2015 EXP : 5.7.2018 Lot-002<br>လိုင်စင်အမှတ် ၇/၂၀၁၆ တဆထလ (၁၄၃၃) တွင် ရွှေသဇင်အမှတ်တံဆိပ် အကြောပြေဆေး TMR- 012614 (0320) နှင့် ရွှေသဇင်အမှတ်တံဆိပ် ဝမ်းပျော့ဆေး TMR- 010895 (0620) ဖြင့် ခွင့်ပြုရရှိထားသော်လည်း ရွှေသဇင်အမှတ်တံဆိပ် ဝမ်းမှန် အကြောပြေဆေးအမည်ဖြင့် တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်ရရှိထားခြင်းမရှိပါ။ |

(ဒေါက်တာမိုးဆွေ)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန

DTM

ညွှန်ကြားရေးမှူး(ဆေးဝါး/ဥယျာဉ်)၊ တိုင်းရင်းဆေးပညာဦးစီးဌာန

မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း

ရုံးလက်ခံ/မျှော်စာတွဲ

DTM